# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၈/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဇွန်လ(၂၇) ရက်

| ၂၇ - ၆ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၄၅.၅ |
| စင်္ကာပူဒေါ်လာ | ၁၅၄၇.၀ |
| စတာလင်ပေါင် | ၂၆၅၄.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၃၀၈.၁ |
| တရုတ်ယွမ် | ၂၈၈.၉၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၄ |
| အိန္ဒိယရူပီး | ၂၅.၁၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၄၅ |
| မလေးရှား ရင်းဂစ် | ၄၄၄.၉၆ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၇၃၉ |
| ထိုင်းဘတ် | ၅၆.၉၀၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၄၆၆ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများ နောက်ဆုံးတွင် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်လာနိုင်ပြီဖြစ်
- အိန္ဒိယနိုင်ငံတွင် လာမည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ခါရစ် (မိုး) ရာသီအတွက် စပါးအပါအဝင် သီးနှံ (၁၄) မျိုး၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (Minimum support price-MSP) များကို မြှင့်တင်သွားမည်
- အိန္ဒိယအစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် စားသုံးဆီဖူလုံရေးကိစ္စပါဝင်လာဖွယ်ရှိ
- ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှု ကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထိ စံချိန်တင်မြင့်မားခဲ့
- အိန္ဒိယနိုင်ငံတွင် အဓိကစားသုံးသော ပဲမျိုးစုံအပေါ် ကုန်လက်ကျန်ဆိုင်ရာ ကန့်သတ်ချက်ကို ဇွန်လ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့ပြီး၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးဝင်မည်ဟု သိရ
- အိန္ဒိယဗဟိုအစိုးရက ပဲမျိုးစုံထုတ်လုပ်မှုမြှင့်တင်ရန်အတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း (MSP) ဖြင့်ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လျှော့ချသွားမည်ဖြစ်ကြောင်း ကတိပြု
- အိန္ဒိယ စားသုံးသူရေးရာဌာနက ဇူလိုင်လကုန်ပိုင်းတွင် ပဲဈေးနှုန်းများ ကျဆင်းလာမည်ဟု ခန့်မှန်း
- စားနပ်ရိက္ခာဖူလုံရေးအတွက် ဂျပန်အစိုးရနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့

- ရုရှားသို့ တရုတ်မှ ဆန်တင်ပို့မှုပမာဏ မြင့်တက်

- **အထွေထွေသတင်းများ**

- ရုရှားသို့ တရုတ်ကား တင်ပို့မှု စံချိန်တင်မြင့်တက်
- ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏ စံချိန်တင်အဆင့်သို့ ရောက်ရှိ
- တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) စီးဝင်မှုသည် ပထမ ငါးလအတွင်း ယွမ်(၄၁၂.၅)ဘီလီယံအထိ ရောက်ရှိခဲ့
- အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးမှုများ စတင်မည်

## မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများ နောက်ဆုံးတွင် တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်လာနိုင်ပြီဖြစ်

တရုတ်ဝန်ကြီးချုပ် Li Qiang သည် မလေးရှားဝန်ကြီးချုပ် Anwar Ibrahim နှင့် ဇွန်လ (၁၉) ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ တရုတ်နှင့်မလေးရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ်(၅၀) ပြည့်အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် မလေးရှားစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနတို့ အကြား မလေးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းလာသော လတ်ဆတ်သော ဒူးရင်းသီးများ ပိုးမွှားကင်းရှင်းကြောင်းလိုအပ်ချက်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

မလေးရှားစိုက်ပျိုးရေးဝန်ကြီး Mohamad Sabu က အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းသည် မလေးရှားနိုင်ငံမှ လတ်ဆတ်သော ဒူးရင်းသီးများအတွက် တရုတ်ဈေးကွက်ကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Mohd Sabu သည် လာမည့် (၅) နှစ်မှ (၆)နှစ်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ဒူးရင်းသီးအမြောက်အမြား တိုးချဲ့စိုက်ပျိုးရန် ဒေသခံတောင်သူများအား တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် မလေးရှားဒူးရင်းသီး တင်ပို့မှုဈေးကွက်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ရင်းဂစ် (၈၈၇)သန်း (ယွမ် ၁.၃၇ ဘီလီယံခန့်) တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

မလေးရှားမီဒီယာများ၏ ဖော်ပြချက်အရ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာန၏ ပို့ကုန်လမ်းညွှန်ချက်များ ထုတ်ပြန်မှုကို စောင့်ဆိုင်းနေပြီး လတ်ဆတ်သော ဒူးရင်းသီးများ တရားဝင် တင်ပို့ခြင်းကို ဆိုင်းငံ့ထားဆဲဖြစ်ကြောင်း၊ မလေးရှားနိုင်ငံတွင် ဒူးရင်းရာသီစတင်ခဲ့သော်လည်း လတ်ဆတ်သော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခြင်း မရှိသေးသောကြောင့် ဝယ်ယူသူများသည် ဒူးရင်းသီးကို နိုက်ထရိုဂျင်အရည်နည်းပညာဖြင့် ပြုပြင်၍ တရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

မလေးရှားဒူးရင်းသီးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ Chen Yikang က မူလနိုက်ထရိုဂျင်အရည်ဖြင့် ပြုပြင်ထားသည့် ဒူးရင်းသီးတင်ပို့မှုနှင့် မတူညီသောကြောင့် လတ်ဆတ်သော ဒူးရင်းသီးတင်ပို့မှုမှာ သီးခြားလိုင်စင်ရှိရမည်ဟု ပြောကြားခဲ့ကြောင်း၊ စက်မှုလုပ်ငန်းကွင်းဆက်အတွက် ပြင်ဆင်ထားသော်လည်း ပို့ကုန်ကိစ္စများကို တရားဝင်ဆောင်ရွက်ခြင်းမပြုမီ စိုက်ပျိုးရေးဝန်ကြီးဌာနက အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Agribusiness & Trade

လိုင်စင်လျှောက်ထားမှုမပြုလုပ်မီ သက်ဆိုင်ရာအာဏာပိုင်များ၏ ကြေညာချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ နှစ်နိုင်ငံစလုံးက တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများ တင်ပို့ရောင်းချနိုင်မည်ဟု ကြေညာပြီးနောက် ၎င်းအနေဖြင့် တရုတ်ဝယ်လက်များထံမှ လတ်ဆတ်သော ဒူးရင်းသီးများကို လေကြောင်းဖြင့် ဝယ်ယူရန် ကမ်းလှမ်းမှုများလည်း လက်ခံရရှိထားကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဒူးရင်းသီးစိုက်ပျိုးသူများ၏ ပြောကြားချက်အရ မလေးရှားနိုင်ငံမှ ဒူးရင်းသီးကို သဘာဝအတိုင်းရင့်မှည့်ခြင်းနှင့် သစ်ပင်ပေါ်မှကြိုတင်ခူးဆွတ်ခြင်း ပုံစံနှစ်မျိုးဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း၊ ပထမနည်းမှာ တရုတ်နိုင်ငံသို့ အချိန်တိုတိုအတွင်း ရောက်ရှိရန် အရေးကြီးပြီး ကြိုတင်ခူးဆွတ်ခြင်းသည် နည်းပညာပိုင်းအရေးကြီးကြောင်း သိရှိရပါသည်။

ယခုအခါ မလေးရှားနိုင်ငံ၏ ဒူးရင်းလုပ်ငန်းကွင်းဆက်သည် တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများ တင်ပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် လမ်းညွှန်မှုကို စောင့်ဆိုင်းနေရုံသာ ဖြစ်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်းနှင်းမြို့

Source: [https://www.nst.com.my/news/nation/2024/06/1065685/malaysia-can-now-export-fresh-durians-china-watch](https://www.nst.com.my/news/nation/2024/06/1065685/malaysia-can-now-export-fresh-durians-china-watch)

## အိန္ဒိယနိုင်ငံတွင် လာမည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ခါရစ် (မိုး) ရာသီအတွက် စပါးအပါအဝင် သီးနှံ (၁၄) မျိုး၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (Minimum support price-MSP) များကို မြှင့်တင်သွားမည်

အိန္ဒိယနိုင်ငံတွင် လာမည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ခါရစ် (မိုး) ရာသီအတွက် စပါး၏ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (Minimum support price-MSP) ကို ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၂၃၀၀ (၅.၃၅%) သို့ တိုးမြှင့်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခဲ့ ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်ကို Haryana၊ Maharashtra၊ Jharkhand နှင့် Delhi တို့၌ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများမစတင်မီ ယခုကဲ့သို့ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း The Hindu သတင်းဌာနက ယခုလ ၁၉ ရက်နေ့က ဖော်ပြသည်။

ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ၏ တတိယကြိမ် အစိုးရသက်တမ်းတွင် အဓိကချမှတ်ခဲ့သည့် ပထမဦးဆုံး ဆုံးဖြတ်ချက်မှာ ခါရစ်ရာသီ သီးနှံ (၁၄) မျိုး၏ MSP ကို အစိုးရ၏ ရှင်းလင်းသောမူဝါဒ (clear

policy) နှင့်အညီ အစိုးရမှ တွက်ချက်ထားသော ထုတ်လုပ်မှုစရိတ်ထက် အနည်းဆုံး ၁ ဒသမ ၅ ဆ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူလက်ခံခဲ့ခြင်းဖြစ်ကြောင်း သတင်းအချက်အလက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Ashwini Vaishnaw က ပြောကြားခဲ့သည်။

သို့သော် အဆိုပါ သီးနှံ (၁၄) မျိုးအနက် သီးနှံ ၄ မျိုး၏ MSP ကိုသာ ထုတ်လုပ်မှုကုန်ကျစရိတ်၏ ၅၀ ရာခိုင်နှုန်းအထက် သတ်မှတ်ပေးခဲ့ကြောင်း၊ ၎င်းတို့မှာ ဘဂျရာ (၇၇%)၊ ပဲစင်းငုံ (၅၉%)၊ ပြောင်း (၅၄%)၊ နှင့် မတ်ပဲ (၅၂%) တို့ဖြစ်ကြောင်း သိရသည်။

သီးနှံရာသီ၏ အဓိကသီးနှံတစ်ခုဖြစ်သော စပါး၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၁၁၇ သို့ တိုးမြှင့် ပေးလိုက်ခြင်းကြောင့် လယ်သမားများအား အကျိုးအမြတ် ၅၀ ရာခိုင်နှုန်းခံစားနိုင်စေမည် ဖြစ်သည်။ အစိုးရအနေဖြင့် အရန်ဆန်ဝယ်ယူ စုဆောင်းမှုမှာ လိုအပ်သည်ထက် ၄ ဆ ပိုမိုလျက်ရှိသော်လည်း အဓိကပြည်နယ်များ၌ လွှတ်တော်ရွေးကောက်ပွဲများမစတင်မီ ယခုကဲ့သို့ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ ခါရစ်ရာသီတွင် ဇွန်လ၌ စိုက်ပျိုးမှုများ စတင်ဆောင်ရွက်လေ့ရှိပြီး၊ သီးနှံအရောင်းအဝယ်ကိစ္စများကို ယခုနှစ် အောက်တိုဘာလမှ လာမည့်နှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

စပါး၏ MSP ကို ရူပီး ၁၁၇ တိုးမြှင့်လိုက်သည့်အတွက် ၁ ကွင်တယ်လျှင် ရူပီး ၂၃၀၀ ဖြစ်ကာ A အဆင့် စပါး၏ MSP မှာ ၁ ကွင်တယ်လျှင် ရူပီး ၂၃၂၀ ဖြစ်ကြောင်း၊ နှံစားသီးနှံ တစ်မျိုးဖြစ်သော sorghum (jowar) မျိုးစပ်၏ MSP မှာ ရူပီး ၁၉၁ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၃၃၇၁ သို့လည်းကောင်း၊ အရည်အသွေးကောင်းသော Maldandi သီးနှံ၏ MSP မှာ ရူပီး ၁၉၆ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၃၄၂၁ဖြစ်ကြောင်း၊ ပုလဲနှံစားသီးနှံ (pearl millet/bajra) သည် ရူပီး ၁၅၂ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၂၆၂၅ ဖြစ်ကြောင်း၊ finger millet (ragi) သည် ရူပီး ၄၄၄ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၄၂၉၀ ဖြစ်ကြောင်းနှင့် ပြောင်းသည် ရူပီး ၁၃၅ တိုးမြှင့်ကာ ၁ ကွင်တယ်လျှင် ရူပီး ၂၂၂၅ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုကို လျှော့ချရန် ပဲစင်းငုံ ၏ MSP ကို ၁ ကွင်တယ် လျှင် ရူပီး ၇၅၅၀ သို့လည်းကောင်း၊ ပဲတီစိမ်း ၏ MSP ကို ရူပီး ၁၂၄ တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၈၆၈၂ သို့လည်းကောင်း၊ မတ်ပဲကို ရူပီး ၄၅၀ တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၇၄၀၀ သို့လည်းကောင်း အသီးသီးမြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံကဏ္ဍတွင် မြေပဲ၏ MSP ကို ရူပီး ၄၀၆ တိုးမြှင့်ခဲ့ပြီး တိုးမြှင့်ခဲ့ပြီး ၁ ကွင်တယ်လျှင် ရူပီး ၆၇၈၃ သို့လည်းကောင်း၊ နေကြာစေ့ကို ရူပီး ၅၂၀ တိုးမြှင့်သတ်မှတ်ကာ ၁ ကွင်တယ်လျှင် ရူပီး ၇၂၈၀ သို့လည်းကောင်း၊ ပဲပိစပ် (အဝါ) ကို ရူပီး ၂၉၂ မြှင့်တင်ကာ ၁ ကွင်တယ်လျှင် ရူပီး ၄၈၉၂

သို့လည်းကောင်း၊ နှမ်း ၁ ကွင်တယ်လျှင် ရူပီး ၉၂၆၇ နှင့် ပန်းနှမ်း (nigerseed) ကို ၁ ကွင်တယ်လျှင် ရူပီး ၈၇၁၇ သို့လည်းကောင်း အသီးသီးတိုးမြှင့်ခဲ့သည်။ ဝါချည် (အလယ်အလတ်) ၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၇၁၂၁ သို့လည်းကောင်း၊ ဝါချည် (အရှည်) ၏ MSP ကို ၁ ကွင်တယ်လျှင် ရူပီး ၇၅၂၁ သို့လည်းကောင်း အသီးသီး တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယအစိုးရသစ်အနေဖြင့် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ စပါး အပါအဝင် သီးနှံ (၁၄) မျိုး၏ အနိမ့်ဆုံးထောက်ပံ့စျေးနှုန်း (Minimum support price-MSP) ကို ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ရာခိုင်နှုန်းအသီးသီး တိုးမြှင့်သတ်မှတ်၍ ဝယ်ယူပေးရန်ဆုံးဖြတ် ခဲ့သည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu, Cabinet approves MSP hikes for all 14 kharif season crops for the upcoming 2024-25 season, June 19, 2024

## အိန္ဒိယအစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် စားသုံးဆီဖူလုံရေးကိစ္စပါဝင်လာဖွယ်ရှိ

အိန္ဒိယအစိုးရမှ မကြာမီထုတ်ပြန်ကြေညာသွားဖွယ်ရှိသည့် ရက် ၁၀၀ စီမံချက်တွင် စားသုံး ဆီဖူလုံရေးကိစ္စပါဝင်လာဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ အမျိုးသားစားသုံးဆီဖူလုံရေး စီမံချက် အရ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်း ဆီထွက်သီးနှံ ထုတ် လုပ်မှုကို လက်ရှိအထွက်နှုန်း တန်ချိန် ၄၀ မှ ၄၁ သန်းမှ နောက်ထပ် တန်ချိန် ၂ သန်းမှ ၃ သန်းအထိ မြှင့်တင်သွားရန်နှင့် စားသုံးဆီအား ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုအားထားမှု လျှော့ချရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၇ ရက်က ဖော်ပြ သည်။

အဆိုပါ စီမံချက်တွင် ကာလရှည်နှင့် ကာလတိုရည်မှန်းချက်များပါဝင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၅-၁၆ ခုနှစ်က စားသုံးဆီကို ပြည်ပမှတင်သွင်းမှု ၆၃ ရာခိုင်နှုန်း အထိ စံချိန်တင်မြင့်မားခဲ့ပြီး၊ ၂၀၂၂-၂၃ စားသုံးဆီနှစ် (နိုဝင်ဘာလမှ အောက်တိုဘာလအထိ) တွင် ၅၆ ရာခိုင်နှုန်းခန့်အထိ လျှော့ကျခဲ့ကြောင်း၊ အဓိက စိန်ခေါ်မှုအခက်အခဲသည် ရေိယာ ကန့်သတ်ချက် များရှိနေလင့်ကစား ပြည်တွင်းထုတ်လုပ်မှုကို တတ်နိုင်သမျှတိုးမြှင့်ပြီး ပြည်ပမှ တင်သွင်းမှုကို မည် သို့ထပ်မံ၍ လျှော့ချသွားမည်ဆိုသည့်ကိစ္စရပ် ဖြစ်ပါကြောင်း တရားဝင်သတင်းရင်းမြစ် တစ်ခုက ပြောကြားခဲ့သည်။

AgriBusiness & Trade

အစိုးရအနေဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၁၂ ဒသမ ၆၉ သန်းသာရှိခဲ့သော ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် စားအုန်းဆီကြမ်း (crude palm oil–CPO) တန်ချိန် ၁ ဒသမ ၁ သန်းအပါအဝင် စုစုပေါင်း တန်ချိန် ၁၄ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

နိုင်ငံအနေဖြင့် ပြည်ပမှ ဆီထွက်သီးနှံတင်သွင်းမှုအပေါ် မှီခိုအားထားမှုလျှော့ချရန် ပြည်တွင်းဆီထွက်သီးနှံထုတ်လုပ်မှုကို မြှင့်တင်မည့် ကျိုးကြောင်းဆီလျော်ပြီး ပြည့်စုံသော အစီအစဉ်တစ်ရပ်အား အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေဆိုင်ရာ (ဘတ်ဂျက်) အစည်းအဝေးတစ်ခုတွင် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်ဂျက်အစည်းအဝေးတွင် အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးရည်မှန်းချက် (ဆီထွက်သီးနှံကဏ္ဍ)နှင့် အမျိုးသားစားသုံးဆီရည်မှန်းချက် (စားအုန်းဆီ) တို့အရ ဆီထွက်သီးနှံမျိုးစိတ်မျိုးကွဲအသစ်များ ဖော်ထုတ်ခြင်းစသည့် ပံ့ပိုးမှုအဆင့်များကို ဆောင်ရွက်ပြီးစီးသည်နှင့် ၎င်းအစီအစဉ်အား သိသိသာသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

သို့သော် ၂၀၂၄-၂၅ ခုနှစ် ကြားဖြတ်ဘတ်ဂျက်ကာလတွင် ၂၀၂၂ ခုနှစ်က စတင်ထုတ်ပြန်ခဲ့သော အဆိုပါကိစ္စအပေါ် မုံညှင်း၊ နှမ်း၊ ပဲပိစပ်နှင့် နေကြာကဲ့သို့ ဆီထွက်သီးနှံများအတွက် ကိုယ့်အားကိုယ်ကိုးရေး ('atmanirbharta') ရည်မှန်းချက် အောင်မြင်အောင် မဟာဗျူဟာတစ်ရပ် ရေးဆွဲသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ ၎င်းတွင် အထွက်နှုန်းမြင့်မားသော မျိုးစိတ်မျိုးကွဲများကို သုတေသနပြုခြင်း၊ ခေတ်သစ်စိုက်ပျိုးရေးနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်း၊ ဈေးကွက်ချိတ်ဆက်ခြင်း၊ ဝယ်ယူခြင်း၊ တန်ဖိုးမြှင့်ခြင်းနှင့် သီးနှံအာမခံကိစ္စရပ် အားလုံးပါဝင်ကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လက ဗဟိုအစိုးရမှကူညီထောက်ပံ့သော အစီအစဉ်တစ်ရပ်ဖြစ်သော စားအုန်းဆီဆိုင်ရာ အမျိုးသားစားသုံးဆီရည်မှန်းချက် (National Mission on Edible Oils – Oil Palm–NMEO–OP) အတွက် ရူပီး ၁၁၀၄၀ သန်း သုံးစွဲရန် လျာထားသတ်မှတ်ခဲ့ပြီး နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသ၊ အက်ဒမန်နှင့် နီကိုဘား ကျွန်းစုများကို အဓိကထားဆောင်ရွက်သွားမည်ဟု သိရသည်။ အဆိုပါ အစီအစဉ်အရ ဆီအုန်းစိုက်ဧရိယာ ဟက်တာ ၆ ဒသမ ၅ သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ၂၀၂၅-၂၆ ခုနှစ်တွင် စုစုပေါင်း ဆီအုန်းစိုက်ဧရိယာ ဟက်တာ ၁၀ သိန်းရှိလာရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ ခုနှစ်က ပြည်ပမှစားအုန်းဆီတင်သွင်းမှု ရူပီး ၁၅၆၀ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၂-၂၃ စားသုံးဆီနှစ်တွင် ရူပီး ၁၃၈၀ ဘီလီယံ သို့ကျဆင်းခဲ့သည်။ ၂၀၂၀-၂၁ ခုနှစ်က စားသုံးဆီတင်သွင်းမှု ရူပီး ၁၁၇၀ ဘီလီယံရှိမည်ဟု ခန့်မှန်းကြောင်း သိရသည်။ လက်ရှိစားသုံးဆီနှစ်၏ ပထမ ၇ လတာကာလ (နိုဝင်ဘာလမှ မေလ) အတွင်း ပြည်ပမှ စားသုံးဆီတင်သွင်းမှု တန်ချိန် ၈ ဒသမ ၅၇ သန်းရှိကာ ယခင်နှစ်ကာလတူက ၉ ဒသမ ၀၆ သန်းရှိခဲ့သည့်အတွက် ၅ ဒသမ ၃၈ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း Solvent Extractors' Association of India (SEA) က ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယအစိုးရသစ်၏ မကြာမီထုတ်ပြန်ကြေညာသွားဖွယ်ရှိသည့် ရက် ၁၀၀ စီမံချက်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးကိစ္စပါဝင်လာဖွယ်ရှိကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှု တိုးချဲ့၍ ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုအားထားနေရမှုကို တတ်နိုင်သမျှလျှော့ချသွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Govt's 100 days programme may include launch of Edible Oil Mission, June 17, 2024

..............................................................................................................

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှု ကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထိ စံချိန်တင်မြင့်မားခဲ့

၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုသည် ကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထိ စံချိန်တင် မြင့်မားခဲ့ပြီး ယခင်နှစ် ဒေါ်လာ ၃ ဒသမ ၉၅ ဘီလီယံ ထက် ၁၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ အဆိုပါ တိုးတက်မှုသည် ငရုတ်သီး၊ နံနံ၊ ဂျင်း၊ တရုတ်နံနံနှင့် စမုန်နက်တို့ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များ၏ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၇ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယ ဟင်းခတ်အမွှေးအကြိုင်များအား ဝယ်ယူသော အဓိကဈေးကွက်ငါးခုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီးနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ နန္ဒင်းရရှိနိုင်မှု ပြဿနာများနှင့် အီသလင်းအောက်ဆိုဒ် (ETO) မီးခိုးငွေ့ပါဝင်ခြင်းနှင့် ပတ်သက်သည့် အရည်အသွေးဆိုင်ရာ စိုးရိမ်မှုများကဲ့သို့သော စိန်ခေါ်မှုများရှိနေသော်လည်း ပို့ကုန်လုပ်ငန်းသည် ခံနိုင်ရည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အိန္ဒိယ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော လက်ရှိဘဏ္ဍာရေးနှစ် ပထမနှစ်လအတွက် ယာယီခန့်မှန်းချက်အရ ဧပြီလမှ မေလအတွင်း ဟင်းခတ် အမွှေးအကြိုင်တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၇၆၆ ဒသမ ၇၉ သန်းရှိပြီး၊ ယမန်နှစ် အလားတူကာလက ကန်ဒေါ်လာ ၈၁၄ ဒသမ ၃၇ သန်းထက် ၅ ဒသမ ၈၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

All India Spices Exporters Forum ၏ ဒုတိယဥက္ကဋ္ဌ Emmanuel Nambusseril က ဟင်းခတ် အရောအနှောများ (မဆလာ) တင်ပို့မှု အနည်းငယ်ကျဆင်းခဲ့သော်လည်း ဟင်းခတ် အမွှေးအကြိုင် တင်ပို့မှုအပေါ် ETO ညစ်ညမ်းမှု၏ အလုံးစုံသက်ရောက်မှုမှာ အနည်းငယ်မျှသာ ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ နနွင်းတင်ပို့မှု ကျဆင်းရခြင်းမှာ အရည်အသွေးပြဿနာများထက် သီးနှံရှားပါးမှု ကြောင့်ဖြစ်ကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကြောင့် တန်ဖိုးမြှင့်ပို့ကုန်များကို ထိခိုက်မှုမရှိကြောင်း Nambusseril က အလေးထား ပြောကြားခဲ့သည်။

လက်ရှိဘဏ္ဍာနှစ်တွင် ဟင်းခတ်အမွှေးအကြိုင်များ တင်ပို့မှုမှာ ယခင်နှစ် အလားတူအဆင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖွယ်ရှိကြောင်း Nambusseril က ကြိုတင်ခန့်မှန်းထားသည်။ သို့သော် အချို့သော ဖောက်သည်များသည် ETO ပါဝင်မှုဆိုင်ရာ စိုးရိမ်မှုများကို တုံ့ပြန်ရန်အတွက် ပြင်ပဓာတ်ခွဲခန်းများမှ စမ်းသပ်မှုရလဒ်အသစ်များကို တောင်းဆိုနေကြသည့်အတွက် ကုမ္ပဏီများအပေါ် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်စေနိုင်သည်ဟု ၎င်းက မှတ်ချက်ချခဲ့သည်။

အိန္ဒိယ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုကဏ္ဍသည် အမျိုးမျိုးသော အတားအဆီးများကြားမှ ဈေးကွက်လှုပ်ရှားပြောင်းလဲမှုများကို လိုက်လျောညီထွေဖြစ်စေရန်နှင့် ကမ္ဘာ့ဝယ်လိုအားကို ဖြည့်ဆည်းရာတွင် ခံနိုင်ရည်ရှိပြီး လိုက်လျောညီထွေရှိမှုကို ဆက်လက်ပြသလျက်ရှိကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထိ စံချိန်တင်မြင့်မားခဲ့ပြီး၊ အီသလင်းအောက်ဆိုဒ် (ETO) မီးခိုးငွေ့ ပါဝင်ခြင်းဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းကိစ္စရပ်ကြောင့် နနွင်း၊ မဆလာစသည့် ဟင်းခတ်အမွှေးအကြိုင်အချို့၏ တင်ပို့မှုအပေါ် အနည်းငယ်အကျိုးသက်ရောက်စေလျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြ အပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, India's spices exports at record $4.46 billion in FY24, June 17, 2024

Agribusiness & Trade

## အိန္ဒိယနိုင်ငံတွင် အမိကစားသုံးသော ပဲမျိုးစုံအပေါ် ကုန်လက်ကျန်ဆိုင်ရာ ကန့်သတ်ချက်ကို ဇွန်လ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့ပြီး၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျုံးဝင်မည်ဟု သိရ

အိန္ဒိယ စားသုံးသူရေးရာ ဦးစီးဌာနက အဓိကစားသုံးသော ပဲမျိုးစုံအပေါ် ကုန်လက်ကျန်ဆိုင်ရာ ကန့်သတ်ချက်ကို ယခုလ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့ပြီး၊ ၎င်းအား ချက်ခြင်းအာဏာသက်ရောက်စေမည်ဟု ဖော်ပြခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်သည် လက်ကားရောင်းချသူများ၊ လက်လီရောင်းချသူများ၊ အကြီးစား လက်လီရောင်းချသူများ၊ ပဲကြိတ်ခွဲစက်များ၊ တင်သွင်းသူများအားလုံးနှင့် သက်ဆိုင်ပြီး စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျုံးဝင်မည်ဟု သိရသည်။ ၎င်းသည် "ကုန်သိုလှောင်မှုနှင့် မရိုးသားသော ထင်ကြေးပေးမှုများကို တားဆီးရန်" ကူညီပေးမည်ဖြစ်ပြီး စားသုံးသူများအနေဖြင့် ပဲဝယ်ယူနိုင်မှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

“သတ်မှတ်ထားသော စားသောက်ကုန်များအပေါ် လိုင်စင်လိုအပ်ချက်များ၊ ကုန်စည်လက်ကျန်နှင့် ရွှေ့ပြောင်းမှုဆိုင်ရာ ကန့်သတ်ချက်များအား ဖယ်ရှားခြင်း (ပြင်ဆင်ချက်) အမိန့် ၂၀၂၄ ခုနှစ်” အား ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစတင်၍ အာဏာသက်ရောက်စေရန် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း စားသုံးသူရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အမိန့်အရ၊ ပဲစင်းငုံနှင့် ကုလားပဲ (ကာဘူလီ ကုလားပဲ အပါအဝင်) – လက်ကားရောင်းချသူများအတွက် တန်ချိန် ၂၀၀၊ လက်လီအရောင်းဆိုင်ကွင်းဆက်၏ လက်လီဆိုင် တစ်ခုချင်းစီ အပါအဝင် လက်လီရောင်းချသူများအတွက် ၅ တန် သတ်မှတ်ထားသည်။ သို့သော်လည်း အကြီးစားလက်လီရောင်းချသူများအတွက် ဒိုင်တွင် အများဆုံး တန်ချိန် ၂၀၀ အထိသာ ထားရှိရမည်ဖြစ်သည်။ ပဲကြိတ်ခွဲစက်များအတွက် အမြင့်ဆုံး ကုန်လက်ကျန်ပမာဏ ကန့်သတ်ချက်သည် နောက်ဆုံးသုံးလအတွင်း ထုတ်လုပ်မှုပမာဏ သို့မဟုတ် နှစ်စဉ်ထုတ်လုပ်နိုင်မှု၏ ၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏဖြစ်ကြောင်း သိရသည်။

သွင်းကုန်လုပ်ငန်းများအနေဖြင့် ပြည်ပမှ တင်သွင်းသည့် ပဲစင်းငုံနှင့် ကုလားပဲလက်ကျန်များကို အကောက်ခွန်ရှင်းလင်းပြီးသည့်နေ့မှစ၍ ၄၅ ရက်ထက် ကျော်လွန်၍ လက်ဝယ်ထိန်းသိမ်းမထားရန် ညွှန်ကြားထားသည်။ အဆိုပါ ထုတ်ပြန်ထားသော ကုန်စည်လက်ကျန် ကန့်သတ်ချက် အမိန့်ကို လိုက်နာရန် လိုအပ်ပြီး သက်ဆိုင်ရာ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ သိုလှောင်ထားရှိသော ကုန်လက်ကျန်ပမာဏသည် သတ်မှတ်ထားသည်ထက် ပိုမိုများပြားနေပါက ဇူလိုင်လ ၁၂ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ကုန်လက်ကျန် ပမာဏအောက်သို့ လျှော့ချရန် လိုအပ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

Agribusiness & Trade

"ပဲစင်းငုံနဲ့ ကုလားပဲအပေါ် ကုန်လက်ကျန်ပမာဏ ကန့်သတ်ချက် သတ်မှတ်တာဟာ မရှိမဖြစ် ကုန်စည်တွေရဲ့ ဈေးနှုန်းတွေကို ထိန်းသိမ်းဖို့ အစိုးရမှ လုပ်ဆောင်သည့် အစီအမံတွေထဲက တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်လက်ကျန်ထုတ်ဖော်မှုပေါ်တယ်မှ တစ်ဆင့် ပဲမျိုးစုံကုန်လက်ကျန် အခြေအနေကို အနီးကပ်စောင့်ကြည့်နေပါသည်" ဟု အဆိုပါ တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းတို့ဌာနအနေဖြင့် ကုန်လက်ကျန် အခြေအနေကို သတ်မှတ်သည့်အတိုင်း အဖွဲ့အစည်းအားလုံးမှ မဖြစ်မနေထုတ်ဖော်ရန်ကိစ္စကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် ဧပြီလ ပထမပတ်တွင် ပြည်နယ်များရှိ သက်ဆိုင်ရာဌာနများကို ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။ ကုန်လက်ကျန်များအား မှန်ကန်စွာ ထုတ်ဖော်ရန်နှင့် စားသုံးသူများအတွက် ပဲမျိုးစုံဝယ်ယူရန်တတ်နိုင်မှုအား ထိန်းသိမ်းနိုင်စေရန်၊ တွန်းအားပေးရန်နှင့် အာရုံစူးစိုက်မှုရရှိစေရန် ကုန်သည်များ၊ လက်လီရောင်းချသူများ၊ တင်သွင်းသူများ၊ ပဲကြိတ်ခွဲစက်များ၊ လက်လီရောင်းချသူများနှင့် သီးသန့်တွေ့ဆုံပွဲများကို ပြုလုပ်ခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် ယခုနှစ် မေလတွင် ကုလားပဲ၏ သွင်းကုန်ခွန် ၆၆ ရာခိုင်နှုန်းကို အလျင်ဦးစွာ ပယ်ဖျက်ခဲ့ပြီးနောက် ပြည်တွင်း၌ ပဲမျိုးစုံရရှိမှု ပိုမိုများပြားလာခဲ့ကြောင်းသိရသည်။ "အကောက်ခွန် လျှော့ချတာက သွင်းကုန်တွေကို ပိုမိုချောမွေ့လွယ်ကူစေပြီး ကုလားပဲ အဓိကထုတ်လုပ်တဲ့ နိုင်ငံတွေမှာ ၎င်းပဲမျိုးကို စိုက်ပျိုးမှု ပိုများလာစေပါတယ်။" ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစီရင်ခံစာတစ်ခုအရ ဩစတြေးလျနိုင်ငံ၏ ကုလားပဲထုတ်လုပ်မှုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ သိန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁ သိန်းအထိ တိုးမြင့် လာဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်းနှင့် အောက်တိုဘာလမှစတင်၍ အဆိုပါပဲများ အိန္ဒိယနိုင်ငံသို့ ဝင်ရောက်လာဖွယ်ရှိကြောင်း၊ ထို့အပြင် အရှေ့အာဖရိကနိုင်ငံများမှ ယခုနှစ် ပဲစင်းငုံတင်သွင်းမှုသည် ဩဂုတ်လမှစတင်၍ ရောက်ရှိလာဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဌာနအနေဖြင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို အနိမ့်ဆုံး ပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူသွားရန် ကတိပြုထားကြောင်း စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ယခုလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ အဆိုပါဆောင်ရွက်ချက်သည် ၂၀၂၇ ခုနှစ်တွင် နိုင်ငံတွင်း ပဲမျိုးစုံထုတ်လုပ်မှု ဖူလုံရန် ရည်ရွယ်သည်။

ဝန်ကြီး Chouhan မှ ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများနှင့် အွန်လိုင်းမှတွေ့ဆုံပွဲအား သဘာပတိအဖြစ် ဆောင်ရွက်စဉ် တောင်သူလယ်သမားများ မှတ်ပုံတင်ခြင်းအတွက် သမဝါယမ Nafed နှင့်

Agribusiness & Trade

NCCF တို့မှတစ်ဆင့် e-Samridhi ပေါ်တယ်ကို စတင်မိတ်ဆက်ခဲ့ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ၎င်းပေါ်တယ်တွင် လယ်သမားများအား စာရင်းသွင်းရန်နှင့် အာမခံချက်ရှိသော အစိုးရမှ ဝယ်ယူမှုကို ရရှိနိုင်စေရန် တိုက်တွန်းအားပေးဖို့ ပြည်နယ်များကို တိုက်တွန်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ပဲမျိုးစုံတင်သွင်းမှုအပေါ် မှီခို အားထားမှု ကို ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကာ ပြည်တွင်း၌ ပဲတီစိမ်းနှင့် ကုလားပဲ ဖူလုံမှုကို ရရှိခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

စံပြပဲမျိုးစုံကျေးရွာသစ် အစီအစဉ် (New Model Pulses Village scheme) ကို လက်ရှိ ခါရစ်(မိုး)ရာသီမှ စတင်ဖော်ဆောင်မည်ဖြစ်ပြီး၊ စပါးရိတ်သိမ်းပြီးပါက ပလပ်မြေများကို ပြန်လည်အသုံးချကာ ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံကုန်လက်ကျန်ဆိုင်ရာ ကန့်သတ်ချက်ကို ယခုလ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့ပြီး၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အာဏာတည်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြည်တွင်း၌ ပဲမျိုးစုံရရှိမှု ဖူလုံစေရန်နှင့် စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ယင်းသို့ ဆောင်ရွက်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, Govt imposes stock limit on tur and chana until Sept 30, June 21, 2024

……………………………………………………………………………………………………

## အိန္ဒိယဗဟိုအစိုးရက ပဲမျိုးစုံထုတ်လုပ်မှုမြှင့်တင်ရန်အတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း (MSP) ဖြင့်ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လျှော့ချသွားမည်ဖြစ်ကြောင်း ကတိပြု

ပဲမျိုးစုံ ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်နှင့်တင်သွင်းမှုလျှော့ချရန်အတွက် အိန္ဒိယဗဟိုအစိုးရသည် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူသွားမည်ဟု စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က သောကြာနေ့တွင် ကတိပြုပြောကြားခဲ့ကြောင်းနှင့် အဆိုပါလုပ်ဆောင်ချက်သည် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကို အားပေးရန်နှင့် ၂၀၂၇ ခုနှစ်တွင် ပြည်တွင်းပဲထုတ်လုပ်မှု ဖူလုံမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများနှင့် Virtual တွေ့ဆုံပွဲတွင် Chouhan က တောင်သူများ မှတ်ပုံတင်ခြင်းအတွက် e-Samridhi portal ကို စတင်မိတ်ဆက်ထားပြီးဖြစ်ကြောင်းနှင့် အစိုးရ၏

Agribusiness & Trade

ဝယ်ယူရေးအစီအစဉ်များတွင် ထိထိရောက်ရောက်အသုံးပြုနိုင်ရေးအတွက် တောင်သူများအနေဖြင့် ယင်း Portal တွင် မှတ်ပုံတင်ထားရှိရေး ပြည်နယ်အစိုးရများက တွန်းအားပေးဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်ဝန်ကြီးက ၂၀၁၅-၁၆ ခုနှစ်မှစ၍ ပဲမျိုးစုံထုတ်လုပ်မှုသည် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည့်အတွက် ပြည်နယ်များကို ချီးကျူးခဲ့ကြောင်း၊ သို့ရာတွင် တစ်ဟက်တာအထွက်နှုန်း မြှင့်တင်ရေးအတွက် ထပ်မံကြိုးပမ်းရန် တောင်းဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယသည်ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ပဲတီစိမ်းနှင့်ကုလားပဲဖူလုံမှုရှိခဲ့သည့် အတွက် ၎င်း၏ပဲမျိုးစုံတင်သွင်းမှုကို ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရေးအတွက်ကြေညာထားသည့် အဓိကလုပ်ဆောင်ချက်များမှာ လက်ရှိမိုးရာသီ (Kharif) တွင် စတင်မည့် New Model Pulses Village အစီအစဉ်၊ စပါးရိတ်သိမ်းပြီးနောက် မြေလွတ်မြေလပ်များကို ပဲစိုက်ပျိုးရာတွင်အသုံးပြုရေး၊ ပဲစင်းငုံသီးညှပ်စိုက်ပျိုးမှုကို အားတက်သရောမြှင့်တင်ရေး၊ အရည်အသွေးကောင်းမွန်သော မျိုးစေ့များရရှိနိုင်ရန်အတွက် ပဲမျိုးစေ့စင်တာ ၁၅၀ ခု တည်ထောင်ရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီးကာလတိုသီးနှံများဖွံ့ဖြိုးတိုးတက်ရေး တို့ဖြစ်ကြောင်း Chouhan မှ ပြောကြားခဲ့သည်။

ထို့အတူ Chouhan က ပြည်ပတင်ပို့နိုင်မည့်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးထားပြောကြားခဲ့ပြီး ပြည်နယ်များကို ၎င်းတို့၏မျိုးစေ့ဖြန့်ဖြူးမှုစနစ်နှင့် အစိုးရမျိုးစေ့ကော်ပိုရေးရှင်းများ အားကောင်းစေရန်တိုက်တွန်း ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသို့ Madhya Pradesh၊ Maharashtra၊ Rajasthan နှင့် Uttar Pradesh အပါအဝင် အဓိက ပဲစိုက်ပျိုးထုတ်လုပ်သောပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများ တက်ရောက်ခဲ့ကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အသေးစိတ်အစည်းအဝေးတစ်ရပ်ပြုလုပ်ရန် ဒေလီမြို့သို့ ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများကို ဖိတ်ကြားခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ပဲမျိုးစုံစိုက်ပျိုးမှုမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Center committed to procure pulses at MSP to boost production, cut imports: Agriculture Minister Shivraj Singh Chouhan, The Economic Times, 21 June 2024.

Agribusiness & Trade

## အိန္ဒိယ စားသုံးသူရေးရာဌာနက ဇူလိုင်လကုန်ပိုင်းတွင် ပဲဈေးနှုန်းများ ကျဆင်းလာမည်ဟုခန့်မှန်း

မုတ်သုံရာသီ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးမှုတိုးတက်လာမည်ဟု မျှော်မှန်းထားခြင်းနှင့် တင်သွင်းမှု တိုးတက်လာခြင်းတို့ကြောင့် အဓိက ပဲ ၃ မျိုးဖြစ်သည့် ပဲစင်းငုံ၊ ကုလားပဲနှင့် မတ်ပဲ ဈေးနှုန်းများသည် လာမည့် လကုန်ပိုင်းလောက်တွင် ကျဆင်းလာဖွယ်ရှိကြောင်းနှင့် မိုဇမ်ဘစ်နှင့် မာလာဝီ ကဲ့သို့သောတောင်အာဖရိကနိုင်ငံများမှ ယင်း ပဲ ၃ မျိုး တင်သွင်းမှုသည် ဇူလိုင်လကုန်ပိုင်းမှစ၍ ပိုမိုရောက်ရှိလာမည်ဖြစ်ရာ ပြည်တွင်းရောင်းလိုအားများပြားလာစေရန် ကူညီပေးမည်ဖြစ်ကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Nidhi Khare က ပြောကြားထားကြောင်း သိရှိရသည်။

ဝယ်လိုအား-ရောင်းလိုအား မမျှတမှုကြောင့် ပဲစင်းငုံ၊ ကုလားပဲနှင့် မတ်ပဲ စသည့် ပဲမျိုးစုံ၏ ဈေးနှုန်းများသည် ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း ပဲအမျိုးအစားအလိုက် ဈေးနှုန်းနှစ်ဆမြင့်တက်စေခဲ့ကြောင်းနှင့် ယင်းသည်အစိုးရနှင့်စားသုံးသူများအတွက် စိုးရိမ်စရာဖြစ်စေခဲ့ကြောင်း သိရှိရသည်။

စားသုံးသူရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ ပဲမျိုးစုံ ပျမ်းမျှလက်လီဈေးနှုန်းများမှာ ဇွန်လ ၁၃ ရက်နေ့တွင် ကုလားပဲ တစ်ကီလိုလျှင် ၈၇.၇၄ ရူပီး၊ ပဲစင်းငုံ တစ်ကီလိုလျှင် ၁၆၀.၇၅ ရူပီး၊ မတ်ပဲ တစ်ကီလိုလျှင် ၁၂၆.၆၇ ရူပီး၊ ပဲတီစိမ်းတစ်ကီလိုလျှင် ၁၁၈.၉ ရူပီး၊ ပဲနီလေး တစ်ကီလိုလျှင် ၉၄.၃၄ ရူပီး ရှိကြောင်း သိရှိရသည်။

အယ်နီညိုနှင့် ရာသီဥတုအပြောင်းအလဲများကြောင့် ပဲမျိုးစုံထုတ်လုပ်မှု လျော့နည်းရခြင်း အကြောင်းရင်းကို ကိုးကား၍ Khare က ပဲစင်းငုံ၊ ကုလားပဲနှင့် မတ်ပဲ ဈေးနှုန်းများမှာ ပြီးခဲ့သည့် ခြောက်လအတွင်း တည်ငြိမ်နေသော်လည်း အမြင့်ဆုံးဈေးနှုန်းတွင်ရှိနေခဲ့ကြောင်း၊ ပဲတီစိမ်းနှင့် ပဲနီလေး ဈေးနှုန်းများမှာမူ အဆင်ပြေမှုရှိခဲ့ကြောင်း ပြောကြားထားသည်။ ထို့ပြင် ၎င်းက ပဲမျိုးစုံ ချောမွေ့စွာတင်သွင်းနိုင်ရေးအတွက် အိန္ဒိယအစိုးရသည် တင်သွင်းသည့်နိုင်ငံများနှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ ပဲစင်းငုံကို အာဖရိကနိုင်ငံများမှတင်သွင်းသော်လည်း ကုလားပဲကို မြန်မာ၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့မှလည်းကောင်း၊ မတ်ပဲကို အဓိကအားဖြင့် မြန်မာနိုင်ငံမှ လည်းကောင်း တင်သွင်းလျက်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် Khare က Karnataka ပြည်နယ်၏ နေရာများစွာတွင် ပဲစင်းငုံစိုက်ပျိုးခြင်းကို စတင်နေပြီဖြစ်ပြီး Maharashtra တွင် စိုက်ပျိုးရန်ပြင်ဆင်မှုများစတင်နေပြီဖြစ်ကြောင်း၊ ယင်းပြည်နယ်နှစ်ခုသည် ပဲစင်းငုံ အဓိကထွက်ရှိသော ပြည်နယ်နှစ်ခုဖြစ်ကြောင်း၊ မုတ်သုံရာသီ မိုးရွာသွန်းမှု

ကောင်းမွန်မှု ခန့်မှန်းချက်သည် ပဲမျိုးစုံ စိုက်ဧရိယာ တိုးလာရန် အထောက်အကူဖြစ်နိုင်သကဲ့သို့ ဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊  ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံရရှိနိုင်မှု မြင့်တင်ရန်နှင့် လက်လီဈေးနှုန်းများကို တည်ငြိမ်မှုရှိစေရန်အတွက် အစိုးရက လိုအပ်သည့် အစီအမံများအားလုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ပဲစင်းငုံတန်ချိန် ၈ သိန်းနှင့် မတ်ပဲ တန်ချိန် ၆ သိန်းနီးပါး တင်သွင်းခဲ့ကြောင်း၊ စားသုံးသူရေးရာဌာနအနေဖြင့် ပြည်တွင်းလက်လီရောင်းချ သူများ၊ လက်ကားရောင်းချသူများနှင့် လက်လီအရောင်းဆိုင်ကြီးများမှ ဈေးကစားမှုမရှိစေရေးနှင့် သွင်းကုန်မြှင့်တင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာတင်ပို့သူများနှင့် အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်နေကြောင်း  Khare က ထပ်လောင်း ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယစားသုံးသူရေးရာအတွင်းဝန်က ပြည်ပမှ သွင်းကုန်များ ပိုမိုဝင်ရောက်လာရန်နှင့် ယခုနှစ်မုတ်သုံရာသီကောင်းမွန်မည်ဟု ခန့်မှန်းထားသဖြင့် ပဲမျိုးစုံ စိုက်ကေတိုးတက်လာမည်ဟု မျှော်လင့်ထားခြင်းတို့ကြောင့် ဇူလိုင်လကုန်တွင် ပဲဈေးနှုန်းများ ကျဆင်းလာမည်ဟု ခန့်မှန်းပြောကြားလျက်ရှိမှုအခြေအနေအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Prices of pulses to soften from end of July: Official, The Economic Times, June 14, 2024.

........................................................................................................................

## စားနပ်ရိက္ခာဖူလုံရေးအတွက် ဂျပန်အစိုးရနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံရှိ ပို့ကုန်သွင်းကုန် ကုမ္ပဏီကြီးများအား တွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

အဆိုပါ သတင်းတွင် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုများ ပြင်းထန်လာပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်စေလျက် ရှိခြင်းကြောင့် ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ ဆွေးနွေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးဝန်ကြီး Mr. Sakamoto Tetsushi က ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် စားနပ်ရိက္ခာများကို ဈေးနှုန်းသက်သာစွာဖြင့် လိုအပ်သလောက် တင်သွင်းနိုင်တော့မည် မဟုတ်ကြောင်း၊ ကောက်ပဲသီးနှံတင်သွင်းနိုင်မှုအခြေအနေမှာ များစွာပြောင်းလဲလျက်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံသို့ တင်ပို့မည့် ကောက်ပဲသီးနှံများကို သိုလှောင်ထိန်းသိမ်းရန်နှင့် တင်ပို့ရန်

Agribusiness & Trade

အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကို တင်ပို့မည့်နိုင်ငံများတွင် တည်ဆောက်နိုင်ရေး ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးက ကတိပြုပြောကြားခဲ့ကြောင်း ဖော်ပြထား ပါသည်။

ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအနေဖြင့် ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မည့် နိုင်ငံများတွင် ရထားလမ်းနှင့် ဆိပ်ကမ်းကဲ့သို့သော အခြေခံအဆောက်အဦများ တည်ဆောက်နိုင်ရေးအတွက် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance) များ ပေးအပ်နိုင်ရေးအတွက်လည်း တောင်းဆိုခဲ့ကြကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပို့ကုန်ဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူလာစေရေးနှင့် ကောင်းမွန်လာစေရေး တို့အပြင် အဆိုပါလုပ်ငန်းစဉ်များကိုလည်း ဂျပန်နိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့် နိုင်ငံများသို့ ဖြန့်ဝေပေးရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် ဂျုံ၊ ပဲပိစပ်၊ အခြားသော ကောက်ပဲသီးနှံများ နှင့် ဓာတ်မြေဩဇာများကို ပြည်ပမှ အဓိကတင်သွင်းသုံးစွဲလျက် ရှိကြောင်း၊ သို့သော် ကမ္ဘာ့လူဦးရေ တိုးပွားလာမှု၊ တရုတ်နှင့်အခြားသော ကမ္ဘာ့နိုင်ငံများ၏ ဝယ်လိုအား မြင့်မားလာမှုတို့ကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှုများ ကြုံတွေ့ရလျက် ရှိကြောင်း ဖော်ပြထားပါသည်။

**သုံးသပ်တင်ပြချက်**

ဂျပန်နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ နိုင်ငံ့စုစုပေါင်းဧရိယာ၏ ၁၁.၅ ရာခိုင် နှုန်းသာ ရှိပြီး ၄.၃၃ သန်းဟက်တာ ရှိပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံ့လူဦးရေအတွက် လုံလောက်စွာ စိုက်ပျိုး ထုတ်လုပ်နိုင်မှုမရှိဘဲ စားနပ်ရိက္ခာအတွက် ပြည်ပနိုင်ငံများမှ အဓိကတင်သွင်းရလျက် ရှိပါသည်။ ဂျပန်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်းရှိပြီး G-7 အဖွဲ့ဝင်နိုင်ငံများအကြား တွင် အနိမ့်ဆုံးနှုန်း ဖြစ်ပါသည်။ ဂျပန်အစိုးရအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုအချိုး (Self-Sufficiency Ratio) ကို ၂၀၃၀ ပြည့်နှစ်တွင် ၄၅ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး မျှော်မှန်းဆောင်ရွက်လျက် ရှိပြီး၊ နိုင်ငံ့စားနပ်ရိက္ခာဖူလုံစေရေးအား အရေးပေါ်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အလေးထားဆောင် ရွက်လျက် ရှိပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

Source: The NHK World Japan

…………………………………………………………………………………………………

## ရုရှားသို့ တရုတ်မှ ဆန်တင်ပို့မှုပမာဏ မြင့်တက်

၂၀၂၄ ခုနှစ်၊ မေလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ ဆန်တင်ပို့မှု ပမာဏသည် တန်ချိန် ၄၀၀၀ ရှိခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှု ပိတ်ပင်ထားပြီးနောက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ တရုတ်နိုင်ငံ၏ တင်ပို့မှုသည် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း နှစ်နိုင်ငံကုန်သွယ်မှုအချက်အလက်များက ဖော်ပြသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို Kuban ဒေသရှိ Fedorovsky ရေအားလျှပ်စစ်စက်ရုံ မတော်တဆမှုဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် စတင်ခဲ့ပြီး စားသုံးသူများအတွက် ဆန်ပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် ရည်ရွယ်၍ ပို့ကုန်ကန့်သတ်ချက်အား အကြိမ်ကြိမ် သက်တမ်းတိုးခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ သက်တမ်းရှိခဲ့သည်။ မကြာသေးမီက ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ယင်းတားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ခြောက်လထပ်မံသက်တမ်းတိုးရန် အဆိုပြုထားကြောင်း သိရှိရပါသည်။

ရုရှားသို့ တရုတ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် တန်ချိန် ၂၀၀၀ ရှိခဲ့ရာမှ မေလတွင် နှစ်ဆတိုးတက်ခဲ့သည်။ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ရုရှားသည် တရုတ်ဆန်စားသုံးမှုအများဆုံး ထိပ်တန်း ၁၀ နိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး မေလတွင် တရုတ်သည် ရုရှားသို့ ဆန်တင်ပို့မှုအားလုံး၏ ၃ ရာခိုင်နှုန်းရှိသည်။ မေလတွင် တရုတ်သည် ပြည်ပသို့ စုစုပေါင်း ဆန်တန်ချိန် ၁၅၁,၆၀၀ ကို တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ အဓိကဆန်တင်သွင်းခဲ့သည့် နိုင်ငံများမှာ အိန္ဒိယ (တန်ချိန် ၁၃၂,၇၈၀)၊ တရုတ်(တန်ချိန် ၂၄,၆၈၁)၊ ကာဇက်စတန်(တန်ချိန် ၂၈,၃၀၉)၊ ထိုင်း (တန်ချိန် ၂၁,၆၇၅) နှင့် တူရကီ(တန်ချိန် ၅,၆၂၉) တို့ဖြစ်ပါသည်။ ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice)သာဖြစ်ပြီး ပြည်တွင်း စားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည်(Long grain rice)သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20240623/ris-1954814012.html

………………………………………………………………………………………..

## ရုရှားသို့ တရုတ်ကား တင်ပို့မှု စံချိန်တင်မြင့်တက်

၂၀၂၄ ခုနှစ်၊ မေလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ မော်တော်ယာဉ်များ တင်ပို့ရောင်းချမှုသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်၍ စံချိန်တင်ပမာဏ အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့ လူစီးမော်တော်ယာဉ်များ တင်ပို့မှုသည် လေးလဆက်တိုက် တိုးတက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မေလတွင် တင်ပို့မှုသည် ဧပြီလနှင့် နှိုင်းယှဉ်ပါက ငွေကြေးဆိုင်ရာ ပမာဏမှာ ၁၁.၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အဆိုပါမေလတွင် တရုတ်သည် ပြည်ပနိုင်ငံများသို့ စုစုပေါင်းလူစီးမော်တော်ယာဉ်များကို အမေရိကန်ဒေါ်လာ ၈.၁ ဘီလီယံ တင်ပို့ရောင်းချခဲ့ရပြီး ရုရှားသည် ယင်းပမာဏ၏ ၁၆.၄ ရာခိုင်နှုန်းဖြင့် ဝယ်ယူသူအဆင့်သတ်မှတ်ချက်တွင် ပထမနေရာကို ရရှိခဲ့ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : [https://auto.mail.ru/article/94151-kitaj-prodal-rossii-legkovyih-avtomobilej-na-rekor/](https://auto.mail.ru/article/94151-kitaj-prodal-rossii-legkovyih-avtomobilej-na-rekor/)

……………………………………………………………………………………………………

## ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏ စံချိန်တင်အဆင့်သို့ ရောက်ရှိ

၂၀၂၄ ခုနှစ်၊ ပထမလေးလတွင် ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စံချိန်တင် အမေရိကန်ဒေါ်လာ ၂၃.၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း အိန္ဒိယအကောက်ခွန်အချက်အလက်များအရ သိရှိရပါသည်။

ဇန်နဝါရီမှ ဧပြီလအတွင်း အိန္ဒိယ၏ ရုရှားထုတ်ကုန်များ တင်သွင်းမှုသည် ၁၀ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၂၁.၆ ဘီလီယံအထိ တိုးလာခဲ့သည်။ အိန္ဒိယ၏ ဒုတိယအကြီးဆုံး ကုန်ပစ္စည်းတင်သွင်းသူမှာ ရုရှားနိုင်ငံဖြစ်သည်။

ရုရှားနိုင်ငံသို့ အိန္ဒိယ၏ ကုန်ပစ္စည်းတင်ပို့မှုမှာ ၂၁ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန် ဒေါ်လာ ၁.၆ ဘီလီယံခန့် ရှိခဲ့သည်။ အိန္ဒိယ၏ ကုန်ပစ္စည်းများ တင်ပို့သည့်နိုင်ငံများကြားတွင် ရုရှားသည် အဆင့် ၃၃ မှ ၂၉ နေရာသို့ တိုးတက်လာခဲ့သည်။

ရလဒ်အားဖြင့် ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ် ပထမလေးလ အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံရှိခဲ့ရာမှ ယခုနှစ် ပထမလေးလတွင် အမေရိကန်ဒေါ်လာ ၂၃.၁ ဘီလီယံအထိ တိုးတက်ခဲ့ပြီး ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်ဖက် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://ria.ru/20240627/tovarooborot-1955749534.html

## တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)စီးဝင်မှုသည် ပထမငါးလအတွင်း ယွမ်(၄၁၂.၅)ဘီလီယံအထိ ရောက်ရှိခဲ့

တရုတ်နိုင်ငံပြည်မကြီး၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)သည် ၂၀၂၄ ခုနှစ်၊ ပထမ ငါးလအတွင်း စုစုပေါင်း ယွမ်ငွေ (၄၁၂.၅)ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၇.၉၄ ဘီလီယံခန့်) ရှိခဲ့ ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်ဟု Xinhua news ၌ ဖော်ပြထားပါသည်။

အဆိုပါပမာဏသည် ယမန်နှစ် အလားတူကာလထက် (၂၈.၂)ရာခိုင်နှုန်း လျော့ကျခဲ့ ကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားပါသည်။ FDI စီးဝင်မှုကျဆင်းခဲ့သော်လည်း အစီရင်ခံ ကာလတွင် တရုတ်နိုင်ငံတစ်ဝှမ်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် (၂၁,၇၆၄) ခုကို တည် ထောင်ခဲ့ပြီး (၁၇.၄)ရာခိုင်နှုန်း တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရှိရသည်ဟု ဖော်ပြထားပါ သည်။

လက်တွေ့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် မြင့်မားနေဆဲဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်က နှိုင်းယှဉ်မှုပမာဏမြင့်မားခြင်းကြောင့် ကျဆင်းသွားသည့်သဘောသာဖြစ်ကြောင်း ဝန်ကြီးဌာ နမှ တာဝန်ရှိ သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍ၌ စုစုပေါင်း FDI ဝင်ရောက်မှု၏ (၂၈.၄) ရာခိုင်နှုန်း (သို့မဟုတ်) ယွမ် (၁၁၇.၁)ဘီလီယံဝင်ရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၂.၈) ရာခိုင်နှုန်း မြင့်တက်လာ ကာ ရင်းနှီးမြှုပ်နှံမှုတွင် ဆက်လက်တိုးတက်မှုကို ညွှန်ပြနေကြောင်း ဖော်ပြထားပါသည်။

စမတ်လူသုံးကိရိယာများ ထုတ်လုပ်ရေးနှင့် ပရော်ဖက်ရှင်နယ်နည်းပညာဝန်ဆောင်မှုများ အတွင်းသို့ FDI ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် (၃၃၂.၉)ရာခိုင်နှုန်းနှင့် (၁၀၃.၁)ရာခိုင်နှုန်း အသီးသီး တိုးလာခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဂျာမနီနှင့် စင်္ကာပူနိုင်ငံတို့မှ FDI သည် တစ်နှစ်ထက်တစ်နှစ် (၂၄.၂)ရာခိုင်နှုန်းနှင့် (၁၆.၂) ရာခိုင်နှုန်း အသီးသီး တိုးလာကြောင်း ဝန်ကြီးဌာနက ထုန်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ မျှော်မှန်းချက်နှင့် ယုံကြည်ချက်သည် ယေဘုယျအားဖြင့် တည်ငြိမ်နေကြောင်း၊ တရုတ်နိုင်ငံရှိ အမေရိကန်၊ ဥရောပနှင့် ဂျပန်ကုမ္ပဏီများ အားလုံး၏ လေးပုံသုံးပုံကျော်သည် ၎င်းတို့၏ လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရန် စီစဉ်နေကြောင်း နိုင်ငံခြားကုန်သည်ကြီးများအသင်းမှ စစ်တမ်းရလဒ်ကို ကိုးကား၍ တာဝန်ရှိသူက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် မူဝါဒများစွာကို ချမှတ်ခဲ့ကြောင်း၊ မတ်လတွင် အစိုးရသည် ဈေးကွက်ဝင်ရောက်မှုချဲ့ထွင်ရေး၊ တန်းတူယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ရေးနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာအချက်များ စီးဆင်းမှုကို လွယ်ကူချောမွေ့စေရေး အစီအမံများ အပေါ်အဝင် အစီအမံ(၂၄)ခုကို အဆိုတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မူဝါဒသစ်များနှင့် အစီအမံများ အသက်ဝင်သည်နှင့်အမျှ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်သည် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240621/5763620c07c74069a556afc176d2516d/c.html

## အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးမှုများ စတင်မည်

အိမ်နီးချင်းနှစ်နိုင်ငံကြား ကျယ်ပြန့်သော စီးပွားရေးဆက်ဆံမှုများအတွက် လမ်းခင်းပေးမည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Comprehensive Economic Partnership Agreement – CEPA) အတွက် ဆွေးနွေးမှုများ စတင်ရန် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား စနေနေ့က သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

အိန္ဒိယဝန်ကြီးကြီးချုပ်နာရင်ဒြာမိုဒီက ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ချုပ် ရှိတ်ဟာဆီနာအား Hyderabad House ၌ ကြိုဆိုသည့်အခမ်းအနားတွင် ဆက်သွယ်ချိတ်ဆက်မှုနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် နှစ်နိုင်ငံမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များတွင် ရူပီးဖြင့်ပေးချေမှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြေ

ပြောခဲ့သည်။ ထို့ပြင် မိုဒီက  Akhaura နှင့် Agartala အကြား ဆင့်မမြောက် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြတ်ကျော်ရထားလမ်းကို ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ပိုင်း ပြည်နယ်များအတွက် ကုန်တင်ကုန်ချပစ္စည်းများကို Khulna-Mongla ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ Mongla ဆိပ်ကမ်းကိုလည်း ရထားလမ်းဖြင့် ပထမဆုံးအကြိမ် ချိတ်ဆက်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နှစ်နိုင်ငံပူးပေါင်းတည်ဆောက်သည့် ၁၃၂၀ မီဂါဝပ် ထုတ်လုပ်နိုင်သည့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ နှစ်ခုသည်လည်း လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်နေပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဝန်ကြီးချုပ်နာရန်ဒြာမိုဒီ၏ ဇွန် ၉ ရက်နေ့တွင် တတိယအကြိမ်မြောက် ဝန်ကြီးချုပ်တာဝန်ယူပြီးနောက်ပိုင်း ပထမဆုံးလာရောက်သည့် ပြည်ပခေါင်းဆောင်တစ်ဦးဖြစ်ပြီး ရထားလမ်းဆက်သွယ်မှု၊ အဏ္ဏဝါဗေဒလေ့လာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ရေကြောင်းသွားလာမှုကဏ္ဍများ အပါအဝင် နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ကို ကြိုဆိုသည့်အနေနှင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ အနောက်ဘင်္ဂလားနှင့် အာသံပြည်နယ်အကြားတွင် ဗျူဟာမြောက်တည်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Rangpur တွင် Assistant High Commission ရုံးအား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိုဒီက ကြေညာခဲ့သည်။ ယင်းနေရာသည် Teesta မြစ်၏ ရေပိုင်နက်အငြင်းပွားမှုအတွက် ကာလကြာရှည်စွာ ညှိနှိုင်းနေရသည့်နေရာဖြစ်ကြောင်း သိရှိရသည်။

Hyderabad House တွင်ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် မိုဒီက၊ အိန္ဒိယ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် Teesta မြစ်၏ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲမှုကို ဆွေးနွေးရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့မကြာမီလာရောက်မည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်၏ Teesta မြစ်ကြောင်းကို ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက်ကို အကောင်အထည်ဖော်ခဲ့ပြီးနောက်ပိုင်းတွင် အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့ကြောင်းပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ လာမည့်လအတွင်း တရုတ်နိုင်ငံ ခရီးစဉ် ဆွေးနွေးမှုများတွင်လည်း အဆိုပါစီမံကိန်းကိစ္စရပ်များပါဝင်နိုင်ဖွယ်ရှိကြောင်း၊ တရုတ်သည်လည်း နယ်စပ်ဖြတ်ကျော်မြစ်ကြောင်းဆိုင်ရာ စီမံကိန်းကို စိတ်ဝင်စားမှုရှိနေကြောင်း သိရှိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာဗီဇာများ တိုးမြှင့်တောင်းဆိုမှုအား ကိုင်တွယ်ဖြေရှင်းရန်အတွက် အိန္ဒိယမှ Medical e-Visas များစတင်ထုတ်ပေးမည်ဟု မိုဒီကကြေညာခဲ့သည်။ အိန္ဒိယဆေးရုံများတွင် ဆေးကုသမှုခံယူနေသူများအတွက် မကြာခဏအရေးတကြီး လိုအပ်သည့်

ဗီဇာရရှိရန် နှောင့်နှေးမှုများနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တောင်းဆိုမှုများ ရှိကြောင်းလည်း သိရှိရသည်။

မိုဒီနှင့် ဆွေးနွေးပြီးနောက် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက နိုင်ငံရေး၊ လုံခြုံရေး၊ ကုန်သွယ်မှု၊ ချိတ်ဆက်ဆောင်ရွက်မှုများအပါအဝင် နှစ်နိုင်ငံထိစပ်နေသည့် မြစ်များမှ ရေကိုမျှဝေသုံးစွဲရေး၊ လျှပ်စစ်ဓာတ်အား၊ စွမ်းအင်နှင့် ဒေသတွင်းနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဂြိုဟ်တုငယ်များ လွှတ်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သည် ၁၀ ရက်တာအတွင်း အိန္ဒိယသို့ ဒုတိယအကြိမ်မြောက် လာရောက်ခြင်းဖြစ်ပြီး ဇွန်လ ၉ ရက်က မိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား တက်ရောက်စဉ် ဝန်ကြီးချုပ်မိုဒီအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်းလည်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: New Delhi, Dhaka to begin talks on comprehensive economic ties, The Hindu, 23 June 2024.

……………………………………………………………………………………………..

Agribusiness & Trade